Australian Government
Department of Immigration and Citizenship



# နိုင်ငံကူးပြောင်းလာသည့်သက်ကြီးများအတွက်အင်္ဂလိပ်စာအစီအစဉ်အရ ကလေးစောင့်ရှောက်မှု

နိုင်ငံကူးပြောင်းလာသည့်သက်ကြီးများအတွက်အင်္ဂလိပ်စာအစီအစဉ်(AMEP)မှ ကျောင်းသွားရန်အရွယ်မမီသေးသည့်ကလေးများရှိပြီး AMEP သင်တန်းများကိုတက်ရောက်ရန် ကလေးထိန်းမှုလိုအပ်နေကြသော ဝန်ဆောင်မှုရသူများအတွက် ကလေးများကိုစောင့်ရှောက်ပေးသည်။

AMEP ဝန်ဆောင်မှုရသူများအတွက် ကလေးထိန်းပေးခြင်းမှာအခမဲ့ဖြစ်ပြီး ကလေးထိန်းဂေဟာသည် AMEP ဝန်ဆောင်မှုရသူ၏အိမ်မှ မိနစ် ၃၀ အတွင်းတည်ရှိသည် သို့မဟုတ် ဖြစ်နိုင်ခြေရှိပါက AMEP ကျောင်းမှ မိနစ် ၃၀ အတွင်းတည်ရှိသည်။ ကလေးထိန်းဂေဟာတည်ရှိရာအရပ်နှင့် သယ်ယူပို့ဆောင်ရေးအခြေအနေတို့အပေါ်မူတည်ပြီး ခရီးသွားချိန်သည် မိနစ် ၃၀ ထက်ကျော်လွန်နိုင်သည်။

သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်သည် သင်၏အိမ်မှ သို့မဟုတ် သင်၏ AMEP ကျောင်းမှ မိနစ် ၃၀ အတွင်း တည်ရှိသည့်ကလေးထိန်းဂေဟာကိုကြိုးစားစီစဉ်ပေးမည် ဖြစ်သော်လည်း ထိုသို့ဖြစ်နိုင်ခြေ အမြဲမရှိနိုင်ပေ။

ကလေးစောင့်ရှောက်ပေးမှုကို သင် AMEP သင်တန်းတက်ရောက်နေခိုက်သာ ဆောင်ရွက်ပေးမည်။ AMEP သင်တန်းတက်ရောက်ချိန်၏ပြင်ပရှိ သင်၏အခြားလုပ်ရှားချိန်များအတွက် ကလေးမထိန်းပေးနိုင်ပါ။

သင်၏ ကလေးထိန်းရယူလိုအပ်မှုများကို အကဲဖြတ်ပေးရာ၌၊ သင်မှအစေားနိုင်ဆုံးပညာသင်နိုင်ရေးအလို့ငှာ သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်မှ သင်ရွေးချယ်နိုင်ရာ ပုံစံအမျိုးအစားများကိုတင်ပြပေးနိုင်သည်။ ဥပမာ သင့်အားတောင်းဆိုနိုင်မည်မှာ၊

- ကလေးစောင့်ရှောက်ရေးအဆောက်အအုံတစ်ခုနှင့်ပူးတွဲထားသော လူမှုအသိုင်းအဝိုင်းဂေဟာတစ်ခုခု၌ ပညာသင်ရန်
- မိမိသွားလိုသည့်ခရီးထက်ပိုမိုဝေးလံသော AMEP သင်တန်းသို့တက်ရောက်ရန်
- ကလေးထိန်းပေးသည့်နေရာ မရရှိမီစပ်ကြားတွင် အိမ်သို့လာရောက်သင်ပေးသော နည်းပြဆရာတစ်ဦးနှင့် သို့မဟုတ် အဝေးရောက်သင်တန်းအရ ပညာဆည်းပူးရန်

ကလေးထိန်းဂေဟာ၌ နေရာလစ်လပ်မှု၏ကန့်သတ်ချက်ရှိပြီး လိုအပ်ချက်အား ကြီးမားလှသဖြင့် ကလေးစောင့်ရှောက်ရေးကို ချက်ခြင်းရချင်မှရမည်။ သို့သော်လည်း သင့် AMEP သင်တန်းစတင်ချိန်နှင့် တစ်ချိန်တည်းတိုက်ဆိုင်ပြီး ကလေးစောင့်ရှောက်ပေးရေးကိုစီစဉ်ပေးရန် ဝန်ဆောင်လုပ်ငန်းရှင်များ၌တာဝန်ရှိကြသည်။

အကယ်၍ကလေးစောင့်ရှောက်ရေးစီစဉ်ပေးမှုတစ်ခုခုက သင့်လိုအပ်ချက်ကိုမဖြည့်ဆည်းနိုင်ဟု သင့်အနေနှင့်ထင်ပါက ထိုကိစ္စကိုသင်၏AMEP ဝန်ဆောင်လုပ်ငန်းရှင်နှင့် ဆွေးနွေးသင့်သည်။ မည်သို့တိုင်ကြားရမည်နည်းဆိုသော သတင်းအကြောင်းအချက်ကိုပိုမိုသိလိုပါက သင့် AMEP စာသင်ဌာနထုတ် ကျောင်းသားလက်စွဲစာအုပ်ကိုရည်ညွှန်းပါ သို့မဟုတ် သင်၏ဆရာသော်လည်းကောင်း၊ အခြားဝန်ထမ်းတစ်ဦးဦးနှင့်သော်လည်းကောင်း ဆွေးနွေးပါ။

ကျေးဇူးပြု၍သတိချပ်ရမည်မှာ သင်သည် AMEP သင်တန်းကိုမတက်ရောက်လျှင် သို့မဟုတ် သင်၏အင်္ဂလိပ်စာသင်တန်းပြီးပြတ်ခဲ့လျှင်၊ ကလေးစောင့်ရှောက်မှုရရှိရေးကို မိမိဘာသာစီစဉ်ရလိမ့်မည်။

ကလေးစောင့်ရှောက်ရေးနှင့်ပတ်သက်၍သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်ထံ ကျေးဇူးပြုပြီးဆက်သွယ်ပါ။

people our business